# ကျွန်ုပ်တို့ နားလည်အပ်သော ဗုဒ္ဓဘာသာ (၅)

ကုရ်ဘာနီ --(ပေးဆပ်စတေးမှုကြီး)

ကျွန်ုပ်တို့အစ္စလာမ် သာသနာဝင်များနှင့် ဗုဒ္ဓသာသနာဝင်များ အကြား နားလည်မှု မတည်ဆောက်နိုင်သေးသော ပြဿနာများအနက် တစ်ခုမှာ ကုရ်ဘာနီ ကိစ္စသည်လည်း ပါဝင်နေပေသည်။

ကျွန်ုပ်တို့ အစ္စလာမ် သာသနာဝင်များ အနေဖြင့် ဟာ့ဂ်ျအခမ်းအနားအား ဂုဏ်ပြုသော အနေဖြင့် အသားဂတ္တုအပါအဝင် အလှူအဒါန်းပြုခြင်းကို အကြောင်းပြုလျက် ဖြစ်တည်လာသော ကုရ်ဘာနီခေါ်- အက်ပွဲတော်ကြီးကို မြန်မာဗုဒ္ဓဘာသာများ အနေဖြင့် အမြင်မကြည်မလင် ခံစားနေရခြင်းများ ရှိပေသည်။

ပိုမို၍ နားလည်မှု လွဲမှားနိုင်စေသော အကြောင်းရင်းများတွင် ကုရ်ဘာနီ ပြုလုပ်ခြင်း၌ ကုရ်အံ ၃၇း၁၀၇ မှ **သဲဗဟင် အဇွီးမင်** ဆိုသည့် ဝေါဟာရအား ကြီးမားသော ယဇ်ကောင် ဟု အချို့ ဆရာတော်ကြီးများက ဘာသာ ဘာသာပြန် ခဲ့ခြင်းများ ဖြစ်သည့် ဝေါဟာရတစ်ချို့၏ ခေတ်ကာလနှင့် မလိုက်ဖက်မှု များကြောင့်ဟုလည်း ဝန်ခံရမည် ဖြစ်သည်။ သို့သော် ထို ဆရာတော်ကြီးများသည်လည်း အမှားတစ်ခုကို ကျူးလွန်ခဲ့ခြင်း မဟုတ်ချေ။ သူ့ခေတ်နှင့်သူ အားကောင်းသော ဝါဟာရများကို ရွေးချယ်ခဲ့သည်သာ ဖြစ်ပေသည်။

ကျွန်ုပ်တို့ အနေဖြင့် ကုရ်ဘာနီ ပြုလုပ်ခြင်းမှာ ယဇ်ပူဇော်ခြင်း မဟုတ်ချေ။ ကြီးမားသော **စုပေါင်းအလှူအဒါန်း** တစ်ခုအား များသူငါ စားသုံးနိုင်ရန် ငွေကုန်ကြေးကျခံ၍ ပြုလုပ်ခြင်းသာ ဖြစ်ပေသည်။ သို့သော် ငါးပါး သီလ တည်းဟူသည့် ဂရုဓမ္မ သီလဂါဒ ကြီးစိုးရာ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ကြီးနှင့် မြန်မာ ဗုဒ္ဓသာသနာဝင်များမှ ထိုသို့သော အသားဂတ္တုပါဝင်သည့် အလှူအဒါန်းကြီးအား အမြင်လွဲမှားနေခြင်းမှာ မိမိတို့၏ သာသနာအား မနှံ့စပ်မှုကြောင့်သာ ဖြစ်တော့သည်။ ထိုအချင်းအရာကို ကျွန်ုပ်တို့ အနေဖြင့် ရှင်းပြ ပြောဆိုရမည်သာ ဖြစ်သည်။

အကယ်၍ ဆရာတော်ကြီးများ ဘာသာပြန်ဆိုသကဲ့သို့ ယဇ်ကောင်ဟု ဖြစ်သော်လည်း- ထိုစကားလုံးသည် ဗုဒ္ဓဘာသာတို့၏ အယူနှင့် ဆန့်ကျင်မှု မရှိချေ။ ကျွန်ုပ်တို့၏ ညီနောင် ဗုဒ္ဓသာသနာဝင်တို့အား ကိုယ်တော်ဂေါတမ ဟောကြားခဲ့သော တရားဒေသနာတွင် ဗုဒ္ဓဘာသာကောင်း တစ်ဦးဖြစ်ရန် ယဇ်ကြီး၊ ယဇ်ငယ်ကို ပြုရမည် ဖြစ်ကြောင်း-- (**ဓမ္မသင်္ဂဏီပါဠိတော်၊ သုတ္တန္တ ကဒုကနိက္ခေပ၊ သီလသမ္မဒါဒုက်**) တွင်--

အယူပြည့်စုံခြင်း ဒိဋ္ဌိသမ္ပဒါ-- ဟူသည်- ပေးလှူခြင်း အကျိုးသည် ရှိ၏။ **ယဇ်ကြီး ပူဇော်ရခြင်း အကျိုးသည် ရှိ၏။ ယဇ်ငယ် (ဟုန်း) ပူဇော်ရခြင်း အကျိုးသည် ရှိ၏။** ကောင်းစွာပြုခြင်း၊ မကောင်းမှုပြုခြင်း၏ အကျိုးဖျား (အကျိုးဆက်) အကျိုးရင်းသည် ရှိ၏။ ဤလောကသည် ရှိ၏။ တမလွန်လောကသည် ရှိ၏။ အမိသည် ရှိ၏၊ အဖသည် ရှိ၏၊ သေ၍ တဖန် ပြန်ဖြစ်သော သတ္တဝါတို့သည် ရှိ၏။ ဤလောကကိုငင်း တမလွန်လောကကိုငင်း ကိုယ်တိုင်ထူးသော ဉာဏ်ဖြင့်သိ၍ မျက် မှောက်ပြုကာ ဟောကြားနိုင်ကုန်သော ညီညွတ်ကုန်သော ကောင်းသော အကျင့်ရှိကုန်သော ရဟန်း ပုဏ္ဏား သမဏ ဗြာဟ္မဏတို့သည် လောက၌ ရှိကြ၏။ ဤသို့ သဘောရှိသော အကြင် (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှု၊ (ခွဲခွဲခြားခြား) အပြားအားဖြင့် သိမှုသဘော၊ မတွေဝေခြင်း- တရားတို့ကို စီစစ်ခြင်းသဘော၊ ကောင်းမွန်စွာမြင်မှု သမ္မာဒိဋ္ဌိသည် ရှိ၏၊ ဤ ဆိုအပ်ပြီးသော အယူပြည့်စုံခြင်းကို ဒိဋ္ဌိသမ္ပဒါ ဟု ဆိုအပ်၏။ အလုံးစုံသော အမြင်မှန်မှု အယူမှန်မှု သမ္မာဒိဋ္ဌိကိုလည်း အယူပြည့်စုံခြင်း ဒိဋ္ဌိသမ္ပဒါ ဟု ဆိုအပ်၏။ -- ဟု ဆိုထားပေသည်။

ထို့ကြောင့်- ကျွန်ုပ်တို့၏ ညီနောင် ဗုဒ္ဓသာသနာဝင်များ အနေဖြင့်- မိမိကိုယ်တိုင် သမ္မာဒိဋ္ဌိ (မှန်ကန်သော ဆင်ခြင်မှုဖြင့်) ဗုဒ္ဓဘာသာကောင်း တစ်ဦးဖြစ်ရန် ယဇ်ကြီး၊ ယဇ်ငယ် ပူဇော်ရန် လိုအပ်ပေသည်။ အကယ်၍ အကြောင်း အမျိုးမျိုးကြောင့် မိမိကိုယ်တိုင် မပြုလုပ်နိုင်ခဲ့သော်မှ သူတစ်ပါး၏ ပြုလုပ်ဆောင်ရွက်ချက်များအား သာဓုခေါ်တတ်ရန် စိတ်နှလုံး မွေးမြူရမည် ဖြစ်သည်။ သာသနာပ အယူများ ဖြစ်သည့် မနာလိုဖြစ်ခြင်း၊ ငြူဆူတတ်ခြင်းများမှ ကင်းရန် အလှူအဒါန်းပြု လုပ်ခြင်းများ၌ မတားမြစ်ထားသော၊ အကပ္ပိယ အသားများ မဟုတ်သော အသားဝတ္ထုများဖြင့် လူသားအပေါင်း စားသုံးနိုင်ရန် လှူဒါန်းခြင်းများကို ဗုဒ္ဓသာသနာ၌ မပိတ်ပင်ထားသည့် အပြင် အားပေးထောက်ခံထားကြောင်း မေတ္တာထားလျက် ပြောဆိုရှင်းပြရမည် ဖြစ်တော့သည်။

သီးခြား ဆွေးနွေးလိုက htaylwinoo@islammyanmar.com သို့ ကြွခဲ့ပါရန်။-

တော်လှန်ထိုက်သူကို တော်လှန်ခြင်း (ဂျီဟာ့ဒ်) နှင့် စပ်လျဉ်း၍ ဆက်လက်တင်ပြပါမည်။